


# အလှူ လှူတတ်ကြပြီလား

ဟောကြားသည့်နေ့ ၂၁ - ၁၁ - ၆၁

# ထမင်းစားတတ်ကြပြီလား

ဟောကြားသည့်နေ့ ၂၂ - ၄ - ၆၂

၂၄၅

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၆)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အလှူ လှူတတ်ကြပြီလား

ဟောကြားသည့်နေ့ (၂၁-၁၁-၆၁)

# ထမင်းစားတတ်ကြပြီလား

ဟောကြားသည့်နေ့ (၂၂-၄-၆၂)

စာမူခွင့်ပြုချက်အမှတ်     - ၁၅/၁၉၉၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -  ၆၄/၁၉၉၅ (၂)

**ထုတ်ဝေသူ**  ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ**  ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# ထမင်းစားတတ်ကြပြီလား

ဟောကြားသည့်နေ့ (၂၂-၄-၆၂)

ဦးအောင်ဇံဝေနှင့်တကွ ဦးဘသန်း မောင်ထွန်းအောင်တို့က ဒါန လာပြီးသကာလပြုတာ၊ သူတို့ဒါန မိုးကုတ်သူ၊ မိုးကုတ်သားတွေနှင့်တကွ ဓမ္မမိတ်ဆွေတွေ ကျွေးချင်လို့ သံဃာတော်များလည်း ကပ်ချင်လို့၊ မရောက်ဖူးတဲ့ အရပ်လည်းဖြစ်၊ ရောက်ပြန်တော့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တရားအားထုတ်၊ တရားအား ထုတ်ပြီးတစ်ခါ စေတနာက အထူးပေါ်လာပြန်တယ်။

အဲဒီကဲ့သို့ ပေါ်လာသောကြောင့် ဆွမ်းအနုမောဒနာ တရားလေး နည်းနည်းသနားပါဦးဆိုလို့ ဒကာ ဒကာမတွေက ဒီတရားကို မြဲမြဲမှတ်ရမယ်၊ များများမကြာပါဘူး။

## ဆွမ်းဘယ်ကဖြစ်လာသတုံး

ဆွမ်းလှူတယ်ဆိုတဲ့ဥစ္စာက ဆွမ်းဘယ်ကဖြစ်လာသတုံးလို့မေးရမယ်၊ ဆွမ်းဘယ်ကဖြစ်လာသတုံးလို့ မေးတဲ့အခါကျတော့ ထုတ်လိုက်တဲ့ငွေက ဖြစ်လာတယ်လို့ မောင်နိုင်တို့ ဖြေကြမှာပဲ . . . (မှန်ပါဘုရား)။

ဆွမ်းဘယ်ကဖြစ်လာသတုံး . . . (ထုတ်လိုက်တဲ့ငွေက ဖြစ်လာပါတယ်ဘုရား)၊ ငွေကဖြစ်လာတယ်၊ ဒီငွေ ဘယ်က ဖြစ်လာသတုံးလို့ တစ်ခါပင်ရင်းကျကျလိုက်ပါဦး။

ဒီငွေသည်ကားဆိုရင်ဖြင့် စွန့်လိုတဲ့စေတနာက ဖြစ်လာတယ်၊ ဒီငွေဘယ်ကဖြစ်လာပါလိမ့် . . . (စွန့်လိုတဲ့ စေတနာက ဖြစ်လာပါတယ်ဘုရား)၊ စွန့်လိုတဲ့ စေတနာကဖြစ်လာတယ် ဆိုတာ ဦးအောင်ဇံဝေမှတ်ထားရမယ် . . . (တင်ပါ့ဘုရား)

ငွေဘယ်ကဖြစ်လာသတုံးလို့မေးရင် . . . (စွန့်လိုတဲ့ စေတနာကဖြစ်လာပါတယ်ဘုရား)၊ စွန့်လိုတဲ့စေတနာမရှိရင် အိပ်ထဲကကို မထွက်ဘူး . . . (မှန်ပါဘုရား)၊ အိပ်ထဲကမထွက်လို့ရှိရင် ဆွမ်းကိုမဖြစ်တော့ဘူး . . . (မှန်ပါဘုရား)။

ဒါကြောင့် ပင်ရင်းလိုက်လိုက် တဲ့အခါကျတော့ စေတနာ ပေါ်လာတယ်နော်၊ စွန့်လိုတဲ့ စေတနာကြောင့် ငွေဖြစ်တယ်၊ ငွေ ကြောင့်ကစ်ခါ ဆွမ်းကွမ်းတွေ ဖြစ်လာတယ်လို့ ဆိုသဖြင့် ပြော် . . . ပင်ရင်းကပရမတ်ပါလားဆိုတာ ဦးဘသန်းတို့

ဦးအောင် ဇံဝေတို့ မောင်ထွန်းအောင်တို့ မှတ်ရမယ်ကွ . . . (မှန်လှပါ ဘုရား)။

## ဒီစေတနာတွေ ဘယ်မှာကိန်းပါလိမ့်

ဒါဖြင့် ဒီစေတနာက ဘယ်မှာ ကိန်းအောင်းနေပါလိမ့် မလဲလို့ အမေးထုတ်ကြလို့ရှိရင် ဝမ်းထဲမှာပဲ ကိန်းအောင်းတယ်၊ ဒီစေတနာကသူချည်းပဲလား၊ သူနဲ့အဖော်သဟဲကွေများပါသေး သလားလို့ မေးရလိမ့်မယ်၊ ဦးဂန္ဓမာကြီး မေးရလိမ့်မယ်နော် . . . (မှန်ပါ)။

ဩော် . . . ဒီက ဒကာ ဒကာမတွေကတော့ သိပြီးသား ဖြစ်ပြီးသကာလနေတော့ ဒီခန္ဓာဒုက္ခကြီးကို ကျွတ်ချင်တဲ့ဉာဏ် ကြောင့် ဖြစ်လာတာ . . . (မှန်ပါဘုရား)။

ဒီခန္ဓာလိုချင်လို့ ဆွမ်းကပ်တာလား၊ ခန္ဓာကျွတ်ချင်၊ လွတ်ချင်လို့ ဒုက္ခသိမ်းချင်လို့ ဆွမ်းကပ်တာလား ဦးအောင်ဇံဝေ မေးရင် ဘယ်နဲ့ ပြောပါ့မတုံး . . . (ဒုက္ခကျွတ်ချင်လို့ပါဘုရား)၊ ဒုက္ခ ကျွတ်ချင်လို့နော် . . . (မှန်လှပါဘုရား)။

ဒုက္ခကျွတ်ချင်လို့ဆိုတော့ ဒီစေတနာကလည်း မောင်နိုင် တို့က စဉ်းစား၊ ဦးဂန္ဓမာတို့ကစဉ်းစား ဉာဏ်နဲ့တွဲနေတာ . . . (မှန်ပါ့)၊ ဒီဉာဏ်က ဘာဉာဏ်ဆိုတော့ ဒုက္ခမြင်တဲ့ဉာဏ်၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## အလိမ်အကောက်ချမ်းသာလို့မှတ်ထား

အဲ . . . ဒုက္ခမြင်တဲ့ဉာဏ်နဲ့ တွဲနေတဲ့ စေတနာဖြစ်လေသောကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အလိမ်အကောက် ချမ်းသာကို အကျိုးမပေးဘူး . . . (မှန်ပါ)။

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတာ အလိမ်အကောက်ချမ်းသာလို့ နောက်က ဒကာဒကာမတွေက မှတ်ထား . . . (တင်ပါ့ဘုရား)၊ ကိုယ် ကိုယ်တိုင် လူဖြစ်ကြည့်တော့ ချမ်းသာတာ အင့်မတန် နည်းသွားတယ် . . . (နည်းပါတယ်ဘုရား)။

## အပြောသာချမ်းသာရှိနေတာ

နတ်ချမ်းသာဆိုတာ နတ်ပြည်ကို ကိုယ်သွားကြည့်ပါ အိုဘေး၊ နာဘေး၊ သေဘေး၊ သောကပရိဒေဝဘေးတွေက ရှိနေတော့ သူလည်း အပြောသာ ချမ်းသာရှိနေတာ အနေဆင်းရဲပါတယ်. . . (မှန်ပါဘုရား)။

ဗြဟ္မာချမ်းသာလည်း ဦးဂန္ဓမာ ဒီအတိုင်းပါပဲလို့ မှတ်လိုက်တာပေါ့၊ အဲဒါကြောင့် ဒီချမ်းသာလိမ်၊ ချမ်းသာကောက်တွေကို မလိုချင် ချမ်းသာစစ်ဖြစ်တဲ့ ဒုက္ခဝဋ်မှ ကျွတ်တဲ့ နိဗ္ဗာန်ကိုသာ လိုချင်တဲ့ဉာဏ်ကြောင့် ဒီဝတ္ထုပစ္စည်းတွေ ထုတ်ဖြစ်တယ်။

ဝတ္ထုပစ္စည်းတွေ ထုတ်ဖြစ်လို့ ဆွမ်းကွမ်းဖြစ်တယ်၊ ဆွမ်းကွမ်းဖြစ်လို့ သံဃာတည်းဟူသော မြေပေါ်၌ စေတနာ၊ ပညာမျိုးစေ့တွေ စိုက်ပျိုးဖြစ်တယ်လို့ ဦးအောင်ဇံဝေက မှတ်ထား ရမယ် . . . (မှန်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဉာဏ်အုပ်ချုပ်တဲ့ စေတနာက ဉာဏ်နဲ့ သဟဇာတဖြစ်တဲ့ စေတနာလို့ မှတ်ရမယ်။

## ဒီဆွမ်းဘာကြောင့်ကျွေးတုံး

ဘယ်လိုဉာဏ်နဲ့ သဟဇာတဖြစ်ပါလိမ့်မတုံးမေးတဲ့အခါ ဒီဆွမ်းဘာဖြစ်လို့ကျွေးတုံး ခန္ဓာဝန်ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ ကျွေး တယ်ဆိုတော့ ခန္ဓာဝန်ဒုက္ခဝဋ်ကို သိတာက ဉာဏ်မှသိတာ ဦးအောင်ဇံဝေ ဒီပြင်တရားက သိပ့်မလား . . . (မသိပါဘူး ဘုရား)။

ခန္ဓာဝန်ဒုက္ခဝဋ်ကို သိတာက ဉာဏ်ကမှ သိသည် ဖြစ်လေသောကြောင့် ဒီဉာဏ်ကြောင့် ဒီစေတနာနဲ့တွဲပြီး သကာလ ဒီငွေကို အိပ်ထဲကထုတ်ဖြစ်တယ်၊ ထုတ်ပြီး သကာလ မှ ဆွမ်း ကွမ်းဖြစ်၊ ဆွမ်းကွမ်းဖြစ်ပြီးမှ သံဃာ တည်းဟူသော မြေပေါ်၊ ဓမ္မမိတ်ဆွေတွေတည်းဟူသော မြေပေါ်မှာရောက်သွား တယ်လို့ ဆိုသဖြင့် ဝိဝဋ္ဋဒါန အစစ်ဆိုတာ မှတ်ထားရမယ် . . . (တင်ပ့်ါဘုရား)။

## ဝဋ်ကျွတ်တဲ့ဒါန

ဝိဝဋ္ဋဒါနဆိုတာ တခြားမဟုတ်ပါဘူး၊ ဝဋ်ကျွတ်တဲ့ ဒါနလို့ ဆိုလိုက်ပါတယ် . . . (မှန်ပါဘုရား)၊ ဝိဝဋ္ဋဒါနဆိုတာ ဘာပါလိမ့် . . . (ဝဋ်ကျွတ်တဲ့ဒါနပါဘုရား)။

ဝဋ်ကျွတ်တဲ့ဒါနဆိုတော့ ဝဋ်ကျွတ်တယ်၊ မကျွတ်တယ် ဘုန်းကြီးရှင်းပြပ့်မယ်၊ ဦးအောင်ဇံဝေတို့ ဦးဘသန်းတို့ မှတ်လိုက် တာပေ့ါနော် . . . (တင်ပါဘုရား)။

ခန္ဓာဝန်ဒုက္ခဝဋ်မှ ကျွတ်ချင်တဲ့ဉာဏ်ဆိုတဲ့ ဥစ္စာသည်တဲ့ ဒီဉာဏ်လာနေတုံးကိလေသာ လာနိုင်ရဲ့လား . . . (မလာနိုင်ဘူး ဘုရား)၊ မလာနိုင်တော့ကိလေသာဝဋ်လည်း ကျွတ်သွားတယ် . . . (မှန်ပါဘုရား)။

ဒီဝိပဿနာမဂ်နဲ့ ခန္ဓာဝန် ဉာဏ်အခိုက်အတန့်မှာလည်း ဘုံဘဝရောက်စေတတ်တဲ့ အကုသိုလ်ကံတွေ၊ ကုသိုလ်ကံတွေ ပါသေးရဲ့လား. . . (မပါပါဘုရား)၊ မပါတော့ ကံမှုဝဋ်လည်း ကျွတ်သွားတယ်. . . (တင်ပါ)။

ဟော့ . . . ဦးဘသန်းကြီး အေးစက်စက်လုပ်မနေနဲ့ သေသေချာချာမှတ်နော် . . . (တင်ပါ)။ အဲဒါတွေ ကိလေသာ ဝဋ်၊ ကမ္မဝဋ်မှ မရှိဘဲနဲ့၊ ဝိပါက၊ ဝဋ်ဆိုတဲ့ ခန္ဓာအထည်ကြီး ဦးအောင်ဇံဝေနောက်ထပ်ပေါ် စရာရှိသေးရဲ့လား . . . (မရှိပါ ဘူးဘုရား)။

## ဝင့်ကျွတ်တဲ့အလှူ

မရှိတော့ ဒါ သြော် . . . ဒီလို ဒုက္ခသစ္စာမြင်တဲ့ ဒုက္ခ ကျွတ်ချင်တဲ့ ဉာဏ်နဲ့ဦးစီးပြီး လှူတဲ့အလှူသည် ဝဋ်ကျွတ်တဲ့ အလှူပါလားဆိုတာ ကိလေသာဝဋ်လည်းမလာလို့ . . . (မှန်ပါ ဘုရား)။

ဘုံဘဝပေးစေတတ်တဲ့ ကမ္မဝဋ်ကော . . . (မလာပါဘူး ဘုရား)၊ မလာဘူးဆိုသဖြင့်တဲ့ ဝိပါကဝဋ် အကျိုးပေးဆိုတာ လည်း မလာနိုင်ပါဘူး . . . (မှန်ပါဘုရား)။

ဒါကြောင့် ဒီဒကာ ဒကာမတွေနောက် ဘာပဲလှူ လှူ ခန္ဓာဝဋ်မှ ကျွတ်ချင်လို့ လှူတဲ့ဉာဏ်နဲ့ ငွေထုတ်ကြပါ၊ နို့မဟုတ်လို့ ရှိရင်ဖြင့် ခင်ဗျားတို့ ခန္ဓာသစ်ရှာတဲ့ သဘောရောက်ပါလိမ့်မယ်၊ ဦးဂန္ဓမာရ . . . (မှန်ပါဘုရား)။

ခန္ဓာသစ်ရှာလို့ရှိရင် ဦးဘရှင်းသွားပြီနော် . . . (မှန်ပါ)၊ ခန္ဓာသစ်ရှာရင် ဒုက္ခရှာတာပဲ . . . (မှန်ပါ)၊ ခန္ဓာသစ်ရှာရင် . . . (ဒုက္ခရှာတာပါဘုရား)။

## ဒုက္ခရှာတာတော့ဖြင့်မလုပ်ပါနဲ့

အဲဒါကြောင့် ဆွမ်းကျွေးရင်းဒုက္ခရှာတာကိုတော့ဖြင့် အတော်အရှုပ်ဆိုးတယ်လို့ပဲ သတိပေးလိုက်ပါတယ် . . .

(မှန်ပါ)၊ ဆွမ်းကျွေးရင်း၊ လှူရင်း၊ လှူရင်းတန်းရင်း မဏ္ဍာပ်ထိုးပြီး သကာလကျွေးရင်း မွေးရင်းနဲ့ ကထိန်ခင်းရင်းနဲ့ ဒုက္ခရှာတာတော့ ဖြင့် ဒီဒကာ ဒကာမတွေ မလုပ်ပါနဲ့ . . . (မှန်ပါဘုရား)။

ဒုက္ခ နဂိုကရှိပြီးသား ဦးအောင်ဖံဝေဒုက္ခရှာဖို့ လိုသေးလား . . . (မလိုပါဘူးဘုရား)၊ ရှိပြီးသားရှာတဲ့ ပုဂ္ဂိုလ်ဟာ မိုက်ချက်သန်တယ်လို့ပဲ ဆိုရမယ်၊ ဒုက္ခရှိပြီးသား ဒုက္ခရှာရင် . . . (မိုက်ချက်သန်ပါတယ်ဘုရား)။

မိုက်ချက်သန်တယ်ဆိုတော့ ဩော် . . . ဒါဘယ်အချိန် မိုက်နေတာတုံးမေးတော့မှ လှူရင်း၊ တန်းရင်း၊ ပေးရင်း၊ ကမ်းရင်း မိုက်နေတာ . . . (မှန်ပါဘုရား)၊ မဆိုရဘူးလား . . . (ဆိုရပါတယ်ဘုရား)။

## ဒီအလှူမှအလှူစစ်

အဲဒါကြောင့် ဒကာ ဒကာမတွေသည် အရေးကြီးတဲ့ စကားတစ်လုံး နှစ်လုံးကို အရေးကြီးသလို ပြောဆိုပြီးသကာလ နေသောကြောင့် ဦးအောင်ဖံဝေတို့က ဩော် . . . ဒီအလှူမှ အလှူစစ်ပါလား၊ ဉာဏ်ဦးတည့်နိုင်တဲ့ အလှူပါလားဆိုပြီး ခင်ဗျားအားထုတ်တဲ့ ဉာဏ်ကခန္ဓာဖြစ်ပျက်မြင်တော့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာတွေ နောက်ဘယ်တော့မှ မတွေ့ချင်

လို့ လှူတယ်ဆိုတဲ့ဉာဏ်နဲ့ မိတ်ဆွေသင်္ဂဟတွေ ကျွေးလို့ မွေးလို့ သံဃာတော်များကို ထိုက်တန်တဲ့ ဥစ္စာလှူလို့၊ ဆရာသမားကို သက်န်းကပ်လို့ ဒီလိုလုပ်တဲ့ဥစ္စာသည် ဝိဝဋ္ဋဒါန အစစ်ဖြစ်ပါတယ်။

ကဲဒါဖြင့် ဝိဝဋ္ဋဒါနအစစ်ဖြစ်တော့ကို ဒီမှာအားလည်း ထုတ်နေတယ်၊ အားထုတ်ရင်း မဂ္ဂနဲ့ ခုနကဉာဏ်က မစုံသေးတဲ့ အချိန်ကျတော့ သူကဘယ်လို ကူညီလိုက်သတုံးမေးတဲ့အခါကျတော့ မောင်နိုင် မှတ်ရမယ်နော်။

## ဆွမ်းလှူတဲ့အကျိုး

ဆွမ်းလှူတဲ့စေတနာ ပညာတွေက ကူညီသေးတယ် . . . (မှန်လှပါဘုရား)၊ " **အန္နဒေါ ဗလဒေါ ဟောတိ** " အန္နဒေါ = ဆွမ်းလှူခြင်းကြောင့် (ဝါ) ဆွမ်းလှူခြင်းသည်၊ ဗလဒေါ =ကိုယ့်မှာအားရှိသည် ဟောတိ = ဖြစ်၏။ အားအင်ဗလတွေ ပြည့်စုံလာတယ်။

နိဗ္ဗာန်မရသေးတော့၊ ရောက်တဲ့အချိန်မှာ အားထုတ်တဲ့ အခါကျတော့လည်း အားအင်ဗလပြည့်စုံတာကိုလည်း သူက အကူအညီပေးတယ်. . . (မှန်ပါဘုရား)။

## သက်န်းလှူတဲ့အကျိုး

ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါတဲ့ အခုလိုသင်္ကန်းကပ်တဲ့ ဥစ္စာလည်းတဲ့ ဒကာ ဒကာမတို့အားတဲ့ အဆင်းကို လှူတာပါပဲ သဘောကျပလား. . . (ကျပါပြီဘုရား)။

"ယာနဒေါ သုခဒေါ ဟောတိ"တဲ့ ထီး၊ ဖိနပ်လှူတာတွေ ကတော့ဖြင့် ဒကာ ဒကာမတွေ၏ လေယာဉ်ပျံတို့၊ ရထားတို့၊ မော်တော်ကားတို့ လှူတာနဲ့ အတူတူပဲလို့ ပြောတယ်နော်။

"သောစ သဗ္ဗဒဒေါ ဟောတိ" ခု တရားဓမ္မဘုန်းကြီးက ဟောရတာကလည်း ဦးအောင်ဇံဝေက ဆွမ်းကျွေးမှ ဆွမ်းအနု မောဒနာလေးပြုပါဦးဆိုပြီသကာလ ပြောလို့ ဘုန်းကြီးက ထပ်ပြီးသကာလ ပြောရတယ်။

## ဓမ္မဒါနတွေဝေပေးတဲ့သဘော

အဲဒီတော့သူက အခုဘုန်းကြီးဟောနေတဲ့ ဓမ္မဒါနတွေ ကိုလည်း အားလုံးသော ပုဂ္ဂိုလ်တို့ကို ဝေတဲ့သဘောလည်း ရောက်တယ် . . . (မှန်လှပါဘုရား)။

သူမလျှောက်လို့ရှိရင် ဆွမ်းကျွေးပြီး၊ ပြီးသွားမှာပဲ၊ ပရိတ်ရွတ် ပြီး၊ ပြီးသွားမှာပဲ၊ ဘာမှအနည်းအကျဉ်းမျှ ပြောစရာ မလိုတော့ ပါဘူး . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဘုန်းကြီးပြောနေတဲ့ ဓမ္မဒါနဟာလည်း ဦးအောင်ဇံဝေ၊ ဦးဘသန်း၊ မောင်ထွန်းအောင်တို့၏ ဓမ္မဒါနပဲ ဆိုရင်မှန်တာပဲ ဆုံးဖြတ်ချက်ချပါ . . . (မှန်လှပါဘုရား)။

"သောစ သဗ္ဗဒဒေါ ဟောတိ ယောဒဒါတိ ဥပဿယံ အမတံ ဒဒေါစ သော ဟောတိ" ဟနေ့သည်ကားလို့ဆိုလို့ရှိရင် "အမတံ ဒဒေါစ သော ဟောတိ"လို့ ဘုရားက ဟောသောကြောင့် နိဗ္ဗာန်တရား ဝေပေးနေတဲ့နေ့ . . (မှန်လှပါဘုရား)။

## နိဗ္ဗာန်တရားဝေပေးတဲ့နေ့

နိဗ္ဗာန်တရားကို . . . (ဝေပေးနေတဲ့နေ့ပါဘုရား)၊ ဒီ အလှူထက်ကြီးတာ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)၊ နိဗ္ဗာန်ကိုဝေပေးနေတယ်၊ အရှင်ဘုရား တရားဟောပြီး ဒကာ ဒကာတွေအားဆုံးမ သွန်သင်ပေးပါဆိုတော့ နိဗ္ဗာန်ရောက် ကြောင်း ဆရာကဟောနေတယ်။

နိဗ္ဗာန်ရောက်ကြောင်း ဆရာက ဟောနေတော့ ဦးအောင်ဇံဝေက သူ့ဒါနအတွက် ဒီနိဗ္ဗာန်ရောက်ကြောင်းတရား ပြောပေးပါဆိုသောကြောင့် ဒီနေ့ နိဗ္ဗာန်ရောက်ကြောင်း တရား တွေ သူ့ကြောင့် ခင်ဗျားတို့ရကြတယ်ဆိုလို့ရှိရင် ဦးဘသန်းတို့ မလွဲဘူး . . . (မလွဲပါဘူးဘုရား)။

ဒါကြောင့် "သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။ အမတံ ဒဒေါစသော ဟောတိ၊ ယောဓမ္မ မနုသာသတိ"။

တရားဆုံးမနေတာ ဒကာ ဒကာမတွေ ဘုန်းကြီးက လည်း နိဗ္ဗာန်အလှူပေးနေတယ် ဦးအောင်ဇံဝေတို့ လူစုကလည်း ထိုနည်းအတူ နိဗ္ဗာန်အလှူပေးနေတယ်ဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်လှပါဘုရား)။

## နိဗ္ဗာန်လှူတဲ့အလှူ

ဒီနေ့ အလှူသည် နိဗ္ဗာန်လှူတဲ့အလှူ . . . (မှန်လှပါ ဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ဒီဒကာ ဒကာမတွေ ခု ဒကာ (၃)ယောက်က ဒကာ ဒကာမတွေအား ဆွမ်းကွမ်းကို အလှူ ပေးတယ်ဆိုတော့ အင်း . . . အလှူပေးပုဂ္ဂိုလ်ကလည်း စေတနာကောင်း၊ အလှူခံပုဂ္ဂိုလ်တွေကလည်း ဓမ္မမိတ်ဆွေတွေ ဖြစ်ပြီးသကာလနေသောကြောင့် ဒကာ ဒကာမတွေ သတိပေး ချင်တာက ခုဒီကပြန်လို့ရှိရင် ဟိုက ပြင်ဆင်ထားပြီး ဒီဒကာ ဒကာမတွေ ကျွေးကြ၊ မွေးကြလိမ့်မယ်နော်။

## ဆွမ်းဒကာ၊ ဆွမ်းအမတွေကျန်းမာပါစေ

ကျွေးကြ၊ မွေးကြတဲ့အခါကျလို့ရှိရင်ဖြင့် ဘာမှမပြောဘဲနဲ့ လောဘ၊ ဒေါသ၊ မောဟနဲ့ ဟိုဟာင်းကောင်းတယ်၊ ဒီဟာင်းကောင်းတယ်အစရှိသည်နဲ့ ပြောပြီးသကာလ မစားဘဲနဲ့၊ အင်း . . . ဒီဆွမ်းဒကာ ဆွမ်းအမတွေ အားလုံး -

ကျန်းမာပါစေ၊

ချမ်းသာပါစေ၊

လို့ မေတ္တာနဲ့စားရင် ကြွေးမတင်ဘူးတဲ့ . . . (မှန်ပါဘုရား)။

ဒီအတိုင်း စားပြီးသကာလ ပြန်သွားကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ အလှူရှင်၏ ကြွေးသွားတင်တယ် . . . (မှန်လှပါဘုရား)။ ကြွေးသွားတင်တော့ကိုး စားတဲ့ပုဂ္ဂိုလ်တွေ ခန္ဓာနဲ့နောက်ဆပ်ရတတ်တယ် . . . (မှန်လှပါဘုရား)၊ ခန္ဓာနဲ့နောက်ဆပ်ရတယ်ဆိုတော့ မနာဘူးလား . . . (နာပါတယ်ဘုရား)။

## မေတ္တာပို့ပြီးမှစားပါ

သူ့အိမ်မှာ သူ့ကျွန်၊ သူ့နွားအဖြစ်နဲ့ ဆပ်ရတဲ့အခါကျတော့ ဒါမေတ္တာဓာတ်နဲ့ မစားမသောက်တဲ့အတွက် မေတ္တာပို့ပြီးမစားမသောက်တဲ့အတွက် စားတဲ့ပုဂ္ဂိုလ်မှာ ကြွေးချေးပြီးစားလို့

နောက်သံသရာရှည်နေရင် ကြွေးရှင်ကို ကြွေးပြန်ဆပ်ရတတ်တယ် . . . (မှန်လှပါဘုရား)။

မနာဘူးလား . . . (နာပါတယ်ဘုရား)၊ ဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ယနေ့ ထမင်းစားပါသင်လိုက်တယ် ဆိုတာ သဘောပေါက်ကျပြီလား . . . (သဘောကျပါတယ်ဘုရား)။

အင်း . . . ကျွေးတဲ့ မွေးတဲ့ ပုဂ္ဂိုလ်များလည်း

၁။ ကျန်းမာပါစေ

၂။ ချမ်းသာပါစေ

၃။ သူတော်ကောင်းအလုပ်ကြီးလည်း အထမြောက်ပါစေ၊ အဝေးကြီးကလာလုပ်ကြတာ

၄။ ချက်ချင်းပဲ နိဗ္ဗာန်ခရီးအပြီးတိုင် ရောက်ပါစေ ဆိုတဲ့ စေတနာ ထားထားပြီး သကာလတဲ့ တစ်ခွန်းပို့နိုင်၊ ပို့နိုင်၊ သုံးခွန်းပို့နိုင်၊ ပို့နိုင် စားဆဲပေါ့လေ . . . (မှန်ပါဘုရား)။

အဲဒီအချိန်ကလေးမှာ ဒကာဒကာမတွေက ဒီမေတ္တာထားကြလို့ရှိရင်ဖြင့်တဲ့ ကြွေးမတင်တဲ့အစာ၊ ကိုယ်ပိုင်စားတဲ့ အစာပေါ့ဗျာ . . . (မှန်ပါဘုရား)။

## ထမင်းစားတတ်ကြပြီလား

အဲဒါကြောင့် ထမင်းစားတတ်ကြပြီလားလို့မေးရင် ဘယ့်နှယ်ဖြေမယ် . . . (စားတတ်ပါပြီဘုရား)။

လက်နဲ့ယူစားတာဆိုတာ မဟုတ်ဘူးနော် . . . (မှန်ပါဘုရား)၊ ဒါကိုဆိုတာ မဟုတ်ဘူး ဦးအောင်ဖုံဝေက လက်နဲ့ယူစားတာ၊ ဇွန်းနဲ့ကော်ခပ်စားတာကို ဆိုသည် မဟုတ်ပါဘူး။

## လယ်မြေကောင်းသဖွယ်အကျိုးပေးနိုင်တယ်

ကျွေးရှင်၊ မွေးရှင်ကို မေတ္တာပို့ အင်း . . . သူတော်ကောင်းတရား အထမြောက်ပါစေဆိုတဲ့ စိတ်ထား၊ စေတနာထားပြင်းပြပြီးသကာလ စားကြ၊ သောက်ကြလို့ရှိရင်ဖြင့် ကျွေးတဲ့ပုဂ္ဂိုလ်မှာလည်း လယ်ယာမြေကောင်းအပေါ်မှာ စိုက်လိုက်တဲ့အတွက် နိဗ္ဗာန်ချမ်းသာ အကျိုးပေးနိုင်တယ် . . . (မှန်လှပါဘုရား)။

နို့မဟုတ်ရင် စားတဲ့ပုဂ္ဂိုလ်က လယ်ယာမြေကောင်း မဟုတ်ဘူး၊ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ကျောက်စရစ်မြေ၊ ကျက်တီးကုန်းမြေ ဖြစ်နေမယ်ဆိုလို့ရှိရင်လည်း ဒီက စိုက်လိုက်တဲ့ စေတနာ မျိုးစေ့ဟာ မသန်ဘဲ ဖြစ်တတ်တယ် . . . (မှန်ပါဘုရား)။

## သူ့ကြွေးပြန်ဆပ်ရတယ်

အဲ . . . မသန်ရှံတင်မက သူ့ကြွေးပြန်ဆပ်ရတဲ့ အခိပ္ပါယ်ကော မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘယ်အလှူ ဘယ်အတန်းမှာမဆို ဒီ အလှူရှင် မေတ္တာပို့ပြီးသကာလ စားခြင်းသည် ကြွေးကြေပြီး သကာလ စားတဲ့အစာ . . . (မှန်ပါ့ဘုရား)။

တနည်းအားဖြင့်လည်း ဒီလိုစားတဲ့အတွက် ကိုယ့်မှာ အရိယာစိတ်ရှိပြီး စားတဲ့အစာလို့ မှတ်လိုက်စမ်းပါ . . . (မှန်လှ ပါဘုရား)။

ဒါဖြင့် ဒီထမင်းစားတတ်ပြီလားလို့ ဦးအောင်ဇံဝေမေးရင် ဘယ်နှယ့်ဖြေမတုံး . . . (အခုစားတတ်ပါပြီဘုရား)၊ အခုစား တတ်ပြီ၊ နေရာကျပြီ၊ ဒါဖြင့် နောက်ကဒကာ ဒကာမတွေကော စားတတ်ပြီလား . . . (စားတတ်ပါပြီဘုရား)။

အဲဒါ ထမင်းစားရင်း တောင်ပြော၊ မြောက်ပြောပြီး သကာလ ဒီဟာကောင်းတယ်၊ ဟိုဟာကောင်းတယ်၊ ကျုပ်ဖြင့် ဗျာ ကြည်ညိုပါတယ်၊ လေးစားပါတယ်၊ ဒါလောက်မလိုချင် သေးဘူး။

## အလှူ့ရှင်ကိုမေတ္တာပို့ပြီးမှစားပါ

ဟော့ . . . ဦးညိုကြီး ထမင်းစားတတ်ပြီလား . . . (စားတတ်ပါပြီဘုရား)၊ ခုတော့ စားတတ်ပါပြီ . . . အဲဒါ အလှူတိုင်း၊ အတန်းတိုင်း အလုံးစုံအကုန်တွေမှာ ဒကာ ဒကာမတွေ အလှူရှင် ကို မေတ္တာပို့ပြီး စားမှသာလျှင် ကြွေးကြေ သတဲ့ ဦးဘရှင်း . . . (မှန်လှပါဘုရား)၊ နို့မဟုတ်ရင် ကြွေးမကြေ ဘူးတဲ့။

ဒီအတိုင်း စားသောက်ပြီးသကာလ တော်ရာကနေပြန် သွားမယ်၊ **လောဘ**၊ **ဒေါသ**၊ **မောဟ** တွေနဲ့ မောင်နိုင်စားမယ် ဆိုရင် ကြွေးတင်သွားမယ် . . . (မှန်လှပါဘုရား)။

## သူတော်ကောင်းအလုပ်လုပ်နိုင်ဖို့

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုန်းကြီး များမှာပုတီးစိပ်ကြ၊ ပစ္စဝေက္ခဏာ ဆင်ခြင်ကြဆိုတာ သူ့ဆွမ်း၊ သူ့ကွမ်းစားတာသည် အင်အားပြည့်ဖြိုးဖို့ရာ စားတာမဟုတ် ပါဘူး၊ လှပစေခြင်းအကျိုးငှာ စားတာမဟုတ်ပါဘူး၊ သူတော် ကောင်းအလုပ် လုပ်နိုင်ဖို့ရာ စားပါတယ်လို့ ဘုန်းကြီးများမှာ ပုတီးစိပ်ရတယ် . . . (မှန်လှပါဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေက ဒီပုတီးဟာ ဘုန်းကြီး တင်ဟောတဲ့ ပုတီးလည်းမဟုတ်ဘူး၊ အားလုံးသော ပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်တဲ့ ပုတီးဆိုတာလည်းမှတ်ရမယ် . . . (မှန်လှပါ ဘုရား)။

## မေတ္တာနဲ့ပညာပါမှကြွေးတင်လွတ်မယ်

ဒါကြောင့် ဒီဒကာ ဒကာမတွေက ဒါတွေကျက်မနေဘဲနဲ့ ဒီစာတွေ ရွတ်မနေဘဲနဲ့၊ ဩော် . . . တို့သည်ကားလို့ဆိုလို့ရှိရင် ဖြင့် အလှူရှင် ဒကာ ဒကာမတွေအား ကျန်းမာချမ်းသာကြ သကာလ သူတော်ကောင်းအလုပ်ကြီး အဝေးကလာလုပ်တာ ဖြင့် ကောင်းကောင်းကြီး အထမြောက်ပါစေသတည်းဆိုတဲ့ စိတ်ထားနဲ့ စားကြလို့ရှိရင်ဖြင့် မေတ္တာလည်းပါ၊ ပညာလည်း ပါသောကြောင့် ဒီဒကာ ဒကာမတွေမှာတဲ့ ကြွေး မတင်ပါဘူး . . . (မှန်လှပါဘုရား)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

ဦးဘရှင် စားတတ်ပြီလား . . . (စားတတ်ပါပြီဘုရား)၊ စားတတ်ဖို့ တယ်မလွယ်ဘူးဆိုတာကော သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ပြောပေးမယ့်သူရှိမှ စားတတ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ပြောပေးမယ့်သူမရှိလို့ရှိရင် မပုတို့ လူစုစားချင်သလို စားသွားတာပဲ . . . (မှန်လှပါဘုရား)၊ ဒီအတိုင်း မနေဘူးလား . . . (နေပါတယ်ဘုရား)။

## တချို့မစားတတ်ဘူး

ကွာ . . . ဒီဆွမ်းကျွေးကဖြင့် ညှဲ့လိုက်တဲ့ ဖြစ်ခြင်း မပြောပါနဲ့တော့ အို . . . သဒ္ဓါကသိပ်ညှံ့တာပဲ၊ ဒါကြောင့် ဟိုဟာလည်း တော်ရီလျှော်ရီ၊ ဒီဟာလည်း တော်ရီလျှော်ရီ၊ မပြည့်မစုံမလုံမလောက်ဆိုပြီးသကာလ တချို့မစားတတ်တော့ စားလည်းစားသေးတယ်၊ ကဲ့ရဲ့ပြီးသကာလလည်း ပြန်လွှတ်သေးတယ်ဆိုတော့ သူ့နှစ်ပြစ်သင့်တာပေါ့ကွ . . . (မှန်လှပါဘုရား)။

မသင့်ဘူးလား . . . (သင့်ပါတယ်ဘုရား)၊ အဲဒါကြောင့် ဦးခိုင်တို့ စားတတ်ပြီလား . . . (စားတတ်ပါပြီဘုရား)။

အေး . . . စားတတ်အောင်စားကြပါ၊ နောက်က ဒကာဒကာမတွေ အားလုံးပေါ့ဗျာ။

## ဝိပဿနာနဲ့စားကြပါ

ကဲ. . . ဒါဖြင့် ဝိပဿနာနည်းနည်း စကြပါစို့၊ စားတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့က ခုနကလို မေတ္တာပို့ မစား

ပါဘူး၊ တပည့်တော် ဝိပဿနာနဲ့ပဲ စားပါဦးမယ်ဆိုလို့ရှိရင် လျှာပေါ် ထမင်းခဲဖွယ်ဘောဇဉ်ကလေး မောင်နိုင် ဆုပ်ပြီး သကာလ တင်လိုက်တာပေါ့။

တင်လိုက်တော့ ဒီအထဲမှာရှိတဲ့ ထမင်းနဲ့ လျှာနဲ့ ထိသွားတဲ့အခါကျတော့ကိုတဲ့၊ ရသာရုပ်ကလေးနဲ့ ထိသွားတဲ့ အခါကျတော့ ဇိဝှာ ဝိညာဏ်စိတ်ကလေးဆိုတာပေါ်တယ် . . . (မှန်ပါဘုရား)၊ သိတဲ့စိတ်ကလေးပေါ့ . . . (မှန်ပါဘုရား)။

စားမှန်းသိတဲ့ စိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ အဲဒီပေါ်တာလေးဟာ ဒကာ ဒကာမတွေ ဩော် . . . အကြောင်းကြောင့် ဖြစ်တာပါလား၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## စားစိတ်ပေါ်တယ်

လျှာကလည်း ရှိလို့၊ အပေါ်ကလည်း ထမင်းတွေက ထည့်လိုက်လို့ ကြားထဲမှာ၊ ထမင်းနဲ့ လျှာကြားထဲမှာ စားစိတ်ကလေး ပေါ်တယ် . . . (မှန်ပါဘုရား)။

ထမင်းနဲ့ လျှာကြားထဲမှာ . . . (စားစိတ်ကလေးပေါ်ပါတယ်ဘုရား)၊ စားစိတ်ကလေးပေါ်လာတယ်၊ အဲဒီစားစိတ်ကလေးသည်ကားလို့ဆိုရင် ဒကာ ဒကာမတွေက စားလဲ စား၊

ဝါးလဲဝါးပြီး သကာလ မျိုချလိုက်ပါတယ်၊ ထွေးချင်ရင် လည်း ထွေးပစ်ကြတယ်၊ စပါးလုံးတို့ ကျောက်ခဲတို့ပါရင် ထွေး ပစ်ရင်လည်း သူကတော့ဖြင့် ပေါ်ပြီး ပျက်တာပဲ။

မျိုချရင်လည်း . . . (ပေါ်ပြီးပျက်ပါဘုရား)၊ ပေါ်ပြီးပျက် တယ်ဆိုတော့ အလုပ်မှာ တစ်ကြိမ်လောက် မိမိ ဩော် . . . ဒါ"**ဇိဝှာ ဝိညာဏ် အနိစ္စ**" ဆိုတာ ဒါဘဲကိုး ပေါ်ပြီးပျက်တာပဲ။

နှစ်ခုထိခိုက်လို့ပေါ်တယ်၊ တော်ကြာပျောက်သွားတယ် ဆိုတော့ ပေါ်ပျောက်ပဲမနေဘူးလား . . . (နေပါတယ်ဘုရား)။

အဲဒီ ပေါ်ပျောက်ကလေးနဲ့ စားပြန်လို့ရှိရင်လည်း သူ့ကြွေး မတင်တော့ဘူးတဲ့၊ သဘောကြပြီလား . . . (ကျပါပြီ ဘုရား)။

## ပေါ်ပျောက်နဲ့စားရင်၊ ကြွေးမတင်ပါဘူး

ပေါ်ပျောက်နဲ့စားရင်ကော . . . (ကြွေးကျေပါတယ် ဘုရား)၊ ကြွေးမတင်တော့ပါဘူးတဲ့၊ ဒါကျတော့ ဝိပဿနာ ဉာဏ်နဲ့ စားလိုက်တဲ့အတွက် ဒကာ ဒကာမတွေ ကျွေးရှင်၊ မွေးရှင်၏ ကျေးဇူးတုံ့ပြန်ဆပ်စရာ ကြွေးမပါပါဘူးတဲ့ . . . (မှန်ပါ ဘုရား)။

ကိုယ်က ခန္ဓာဇာတ်သိမ်းသွားပေ့ါ ဘယ်ကြွေးဆပ်စရာ အချိန်ရှိသေးသတုံး . . . (မရှိပါဘူးဘုရား)။

အဲဒါကြောင့် ဘယ်အခါမှာစားစား မေတ္တာပို့ စားချင်ရင်လည်း အကြမ်းအားဖြင့်စားပါ။

ဝိပဿနာရှု စားချင်ရင်လည်း စားပါ. . . (မှန်ပါဘုရား)။ ဒီနည်းစားကိုဖြင့် ဒကာ ဒကာမတွေက ဖျောက်ဖျက်ပြီးမပစ်လိုက်ပါနဲ့၊ ကိုယ့်အရေးဆိုတာ မှတ်ပါ. . . (မှန်ပါဘုရား)။

## ကျွန်ခံနေတာတွေ

ခု-တချို့အိမ်တွေမှာကြည့် ထမင်းလေးကျွေးပြီး သကာလ လုပ်ကိုင်စားသောက်နေတဲ့ တိရစ္ဆာန်တွေလည်းရှိတယ်၊ လူတွေလည်းရှိတယ်၊ ဦးဘရှင်းမြင်ဖူးမှာပေ့ါဗျာ။

မင်း. . . ဒီပြင့်အိမ်သွားပါလားဆိုတော့ ကျွန်တော် မသွားနိုင်ဘူး၊ ဒီမှာပဲ ပျော်တယ်ဆိုပြီးတော့ ဒီမှာ ကျွန်ခံနေတာတွေ ရှိသေးတယ်. . . (မှန်ပါဘုရား)။ မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

## ကြွေးပြန်ဆပ်နေရတာ

အဲ့ဒါတွေကျတော့ ဘာတုံးဆိုတော့ နောက်က မေတ္တာမပို့ဘဲ၊ ဝိပဿနာမရှုဘဲနဲ့ သူ့ဆွမ်းတွေ၊ ထမင်းတွေစားလာလို့ ကြွေးပြန်ဆပ်နေရတာ. . . (မှန်လှပါဘုရား)။ မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား)။

ဒါဖြင့် ကြွေးပြန်ဆပ်ရတယ်ဆိုတော့ ယဉ်ကျေးတယ်၊ အပြီးသတ်တော့ ကျွန်ဖြစ်တတ်တယ် ဟောတာ. . . (မှန်ပါဘုရား)။ မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)။

အဲ့ဒါကြောင့် အားလုံးဒကာ ဒကာမတွေ သူများသဒ္ဓါတရားကောင်းတာ၊ ကိုယ် ကျွန်ဖြစ်ရလို့ရှိရင်လည်း၊ ဆိုးဝါးတဲ့ အလုပ်ပဲဆိုရင်လည်း မောင်လှလွဲပါ့မလား. . . (မလွဲပါဘူးဘုရား)။ မလွဲဘူး ဦးဘရှင်းရ. . . (မှန်ပါဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတွေ ယနေ့ ထမင်းစားကြရတော့မယ်၊ မြိန်မြိန်ရှက်ရှက်နဲ့လည်း မေတ္တာပို့၍သော်လည်းကောင်း၊ ဝိပဿနာတင်၍သော်လည်းကောင်း စားပါဆိုတာကိုလည်း သတိပေးရတယ်နော်. . . (မှန်ပါဘုရား)။

ကဲ. . . ထမင်းနဲ့ လျှာနဲ့တွေတဲ့အခါ ကြားထဲစားတဲ့ စိတ်ကလေး "ဇိဝှာဝိညာဏ်စိတ်" ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ဖြစ်ပြီးပျက်တာအနိစ္စ၊ သိတာကမဂ္ဂ

ကဲ. . . မျိုချလိုက် ဦးအောင်ဇံဝေ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ မရှိတော့သူဖြစ်ပြီး၊ ပျက်သောကြောင့် သူ့ဘာခေါ်မတုံး. . . (အနိစ္စပါဘုရား)။ အဲ့ဒါလေးသိတာက ဘာဆိုကြမတုံး. . . (မဂ္ဂပါဘုရား)။ မဂ္ဂဖြစ်သွားတော့ ဩော် . . . ဒီမဂ်နဲ့ စားလိုက်တဲ့အတွက် တစ်ခါတည်း ကောင်းဆိုတဲ့ တဏှာတွေ၊ အင်း. . . စွဲလန်းတဲ့ ဥပါဒါန်တွေ၊ နောင်ကို တို့အိမ် ရောက်လည်း ဒီလိုပဲ သား မယားနဲ့ ချက်ခိုင်းပြီး စားဦးမယ်ဆိုတဲ့ ဥပါဒါန်တွေလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

## တဏှာ ဥပါဒါန်၊ ချုပ်အောင်စားပါ။

ဒါဖြင့် တဏှာ၊ ဥပါဒါန်ချုပ်အောင်စားပါ. . . (မှန်ပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် စားစိတ်ကလေး အနိစ္စ၊ စားစိတ်ကလေး အနိစ္စ စားစိတ်ကလေးအနိစ္စဆိုပြီး သကာလ ခင်ဗျားတို့ စားကြလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ပြတ် ပါတယ်. . . (မှန်ပါဘုရား)။

ပြတ်တော့ကို ထမင်းလည်း စားကြရမှာဖြစ်လို့ ဝိပဿနာလည်း ပြည့်စုံအောင်၊ စားလည်းစားတတ်အောင် သင်ပေးနေတယ်လို့ ခင်ဗျားတို့က မှတ်ရမယ်. . . (မှန်ပါဘုရား)။

## သစ္စာလေးပါးနဲ့စားနေတာ

ကဲ. . . ဒါဖြင့် ဒါဘာနဲ့စားနေတာတုံးဆိုတော့ အို. . . သစ္စာလေးပါးနဲ့ စားနေတာပါဘုရား၊ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

ခုနက ဦးဘရှင်းဖြစ်ပျက်က ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ အင်း. . . ဖြစ်ပျက်က ဒုက္ခသစ္စာဆိုတော့၊ သိတာလေးက. . . (မဂ္ဂသစ္စာပါဘုရား)။ အင်း. . . တဏှာ၊ ဥပါဒါန် မလာတာက သမုဒယချုပ်တာ. . . (မှန်ပါဘုရား)။

**သူတို့ မလာသောကြောင့် နောက်ဇာတိ ဇရာ မရဏ မလာတာက နိရောဓသစ္စာ. . .** (မှန်ပါဘုရား)။

ဒါဖြင့် သစ္စာလေးပါးနဲ့ စားနေတာ. . . (မှန်ပါဘုရား)။ သဘောကျပြီလား. . (ကျပါပြီဘုရား)။

ဒါဖြင့် စားဖြစ်အောင်စားပါ။ တစ်လုပ်မိမိ၊ နှစ်လုပ်မိမိ၊ အလုပ်တိုင်းမိမိ၊ ဦးဂန္ဓမာ မိလေကောင်းလေဘဲ. . . (မှန်ပါဘုရား)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

## နိဗ္ဗာန်ရောက်တဲ့အရေးကို အသားပေးပါ

ဒါဖြင့် ၁။ ဝိပဿနာအလုပ်နဲ့စား၍လည်း ကြွေးတင်ကင်းခြင်းတစ်မျိုး၊ ၂။ မေတ္တာပို့စား၍လည်း ကြွေးတင်ကင်းခြင်းတစ်မျိုးလို့ သံယုတ်ပါဠိတော်ကြီးများမှာ သေသေချာချာ လာနေတဲ့အတွက် ငါတို့သည် ဒီအရေးဟာဖြင့် ငါတို့လည်း နိဗ္ဗာန်ရောက်တဲ့အရေး၊ ဒီလိုမစားရင် ကျွန်ဖြစ်တဲ့အရေး၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကျွန်ဖြစ်တဲ့ အရေးကို ဘေးချိတ်ပြီး သကာလ နိဗ္ဗာန်ရောက်တဲ့အရေးကို အသားပေးပြီး သကာလ ငါတို့စားပါတော့မယ်လို့ စိတ်ထားပြီး သကာလ ဒီတရားကို ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု အနုမောဒနာ ခေါ်ကြ. . .။

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# အလှူ လှူတတ်ကြပြီလား

ဟောကြားသည့်နေ့ (၂၁-၁၁-၆၁)

ဒကာ ဒကာမတို့ စာလိုတော့ ပဋိစ္စသမုပ္ပါဒ်၊ မြန်မာလိုတော့ ခန္ဓာ၏လမ်းစဉ်လို့မှတ်ပါ. . . (မှန်လှပါဘုရား)။ ခန္ဓာ၏လမ်းစဉ်၊ ခန္ဓာဒီအစဉ်အတိုင်းသွားနေတယ်၊ ဒီအကြောင်း အကျိုးအတိုင်း ဆက်နေတယ်ဆိုတာကို အားလုံး ဒကာ ဒကာမတွေ မှတ်ကြရမယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်း အတိတ်အကြောင်း ငါးပါးထဲမှာ အဝိဇ္ဇာဆိုတာ ပါပါတယ်. . . (ပါပါတယ်ဘုရား)။

ဒကာ ဒကာမတွေ သိထားတာက အဝိဇ္ဇာပစ္စယာ သင်္ခါရာ. : . (မှန်လှပါဘုရား)။ ဩော်. . . ဒါဖြင့် အဝိဇ္ဇာပစ္စယာသင်္ခါရာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ. . . လူခန္ဓာတွေ၊ နတ်ခန္ဓာတွေဆိုတဲ့ဥစ္စာ အဝိဇ္ဇာမူတည်တာပဲလို့ ပြောလိုက်တယ်. . . (မှန်လှပါဘုရား)။

## သစ္စာလေးပါးမသိတာအဝိဇ္ဇာ

အဝိဇ္ဇာမူတည်တယ်ဆိုတော့ အဝိဇ္ဇာဆိုတာက ဒကာကြွယ် ဘာမသိတာတဲ့တုံး. . . (သစ္စာလေးပါး မသိတာပါဘုရား)။ ဩော်. . . ဒါဖြင့် သစ္စာလေးပါး မသိတာ အဝိဇ္ဇာလို့ဆိုတာ ဩော်. . . ငါတို့မှာ အတိတ်က အဝိဇ္ဇာရှိခဲ့တယ်ဆိုတာ မှတ်ပါ. . . (မှန်လှပါဘုရား)။

သစ္စာလေးပါး မသိတာနဲ့ နေခဲ့ကြရတော့ကိုတဲ့၊ ဒကာဒကာမတွေက ကုသိုလ်လဲ ပြုကြတယ်. . . (မှန်ပါဘုရား)။ ဒါ သင်္ခါရဆိုတာ ကုသိုလ်ပါပဲ. . . (မှန်ပါ)။

ကုသိုလ်ပင် ပြုငြားသော်လည်း ဒီဘက်မှာ လာစပ်တယ်၊ **ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**ဆိုတဲ့ ခန္ဓာငါးပါးပဲပြန်ရတယ်. . . (မှန်လှပါဘုရား)။

ဩော်. . . ဒကာ ဒကာမတွေ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့၊ ပြုလုပ်လိုက်တဲ့ ကုသိုလ်ဟာ ခန္ဓာငါးပါး ဒုက္ခသစ္စာ

တရားရတယ်လို့ ဦးသန်းမောင် မှတ်စမ်းပါ. . . (မှန်လှပါဘုရား)။ ဘယ့်နှယ်ကြောင့် ရပါလိမ့်မတုံးလို့မေးတော့ ဒကာ ဒကာမတွေ အဝိဇ္ဇာက သစ္စာမသိဘူး. . . (မှန်လှပါဘုရား)။

## ဒီတရားကြားရနာရခဲ့တယ်

အဝိဇ္ဇာက သစ္စာမသိတော့ သူခိုင်းတာလုပ်တဲ့ ကုသိုလ်ဟာ ဒုက္ခသစ္စာရတယ်. . . (မှန်လှပါဘုရား)။ ဦးသန်းမောင် သေသေချာချာ မှတ်စမ်းပါ၊ ဒီတရားကြားရ၊ နာရခဲ့တယ်ဆိုတာ ဒကာဦးလှဘူး၊ ဒကာကြွယ်အရေးကြီးတယ်နော် . . . (အရေးကြီးပါတယ်ဘုရား)။

အဲဒါက ဘယ်သူ့ဟောနေပါလိမ့်မလဲလို့ မေးတော့ ဘုန်းကြီးနဲ့တကွ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ အခုခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးနဲ့ ခွဲကို မခွဲရသေးဘူး. . . (မှန်လှပါဘုရား)။

## အတိတ်ကိုပြန်စဉ်းစားပါ

ဒီလိုနေကြတာဟာ ဘယ်လိုကြောင့် တို့ဒီလို နေရပါလိမ့်မတုံးဆိုတော့ အတိတ်ကို ပြန်စဉ်းစားပါ၊ သစ္စာလေးပါး မသိခဲ့လို့ ကျုပ်တို့ ကုသိုလ် သင်္ခါရလုပ်ခဲ့တယ်. . . (မှန်ပါ)။ မလုပ်ခဲ့ဘူးလား. . . (လုပ်ခဲ့ပါတယ်ဘုရား)။

သိပြီး လုပ်တာလား၊ မသိဘဲနဲ့လုပ်တာလား. . (မသိဘဲနဲ့ လုပ်တာပါဘုရား)။ ဪ. . . ဘာမသိဘဲနဲ့ လုပ်ပါလိမ့် မတုံး ဒီသင်္ခါရတွေဆိုတော့ဟော ဒီဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးကြီး ရမှုကို မသိဘဲနဲ့ လုပ်ခဲ့တယ် . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီးဟာ ဒကာ ဒကာမတို့ **အိုမှု၊ နာမှု၊ သေမှု** ကင်းပါ့မလား. . . (မကင်းပါဘုရား)၊ မသိတာက **အဝိဇ္ဇာ**၊ မသိတဲ့ပုဂ္ဂိုလ်ပြုလုပ်တဲ့ ကုသိုလ်က **သင်္ခါရ** ဘာသစ္စာတုံး. . . (ဒုက္ခနဲ့ သမုဒယသစ္စာပါဘုရား)။

## ဘာသစ္စာလုပ်ခဲ့သလဲ

ဒကာကြွယ်ခင်ဗျားကတော့ အကောင်းထင်နေတယ်. . (ထင်ခဲ့ပါတယ်ဘုရား)။ သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာလုပ်ခဲ့သလဲ. . . (သမုဒယသစ္စာလုပ်ခဲ့ပါတယ်ဘုရား)။

စာရွက်ထဲမှာလည်း ထောက်ကြည့်ပါ ဒကာ ဒကာမတို့ အတိတ်အကြောင်းက သမုဒယသစ္စာပဲ ပါပါလိမ့်မယ် ဦးသန်းမောင် . . . (ပါပါတယ်ဘုရား)။ သစ္စာလေးပါး မသိတာနဲ့ တဲ့ **လူ့ဘဝ၊ နတ်ဘဝ** ရောက်ကြောင်း သင်္ခါရလုပ်ပါတယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် ကုသိုလ်လုပ်ခဲ့တယ်ဆိုငြားသော်လည်း ဒီကုသိုလ်ဟာဘာသစ္စာတုံး. . . (သမုဒယသစ္စာပါဘုရား)။ ကိုင်း. . .

ဒါဖြင့် ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးသန်းမောင်တို့ သမုဒယ သစ္စာလုပ်ခဲ့လို့ရှိရင်တော့ ဒုက္ခသစ္စာကိုယ်တိုင်ရတော့မှာပဲ. . . (မှန်လှပါဘုရား)။

သမုဒယသစ္စာလုပ်ခဲ့တဲ့အတွက် သေသည်၏ အခြားမဲ့၌ ဘာသစ္စာရသလဲ. . . (ဒုက္ခသစ္စာရပါတယ်ဘုရား)။ ဩော် . . . ခင်ဗျားတို့ ကုသိုလ်လည်းပြုရသေးရဲ့ ဒုက္ခသစ္စာလည်း ရသေးရဲ့၊ ဒီလိုဆိုတော့ ဒကာကြွယ်ရှုံးပြီ၊ ရှုံးပြီ၊ ဦးသန်းမောင် ဘယ့်နှယ်လဲ . . . (ရှုံးပါပြီဘုရား)။

## အလှူမနောက်ထားစမ်းပါဦး

ဒါကြောင့် ဒကာရင်း ဆရာရင်းတွေဖြစ်တဲ့ ဒကာ ဒကာမတွေကျတော့ ပြောရတယ်၊ အလှူနောက်ထားစမ်းပါဦး၊ အသိရှေ့ထားပါ။ ကဲ. . . ဦးသန်းမောင် ပြောသင့်၊ မပြောသင့် . . . (ပြောသင့်ပါတယ်ဘုရား)။ ပြီးမှ လှူပါဆိုတော့ ဘုန်းကြီး ပြောတာက ဒကာ ဒကာမတွေ အကျိုးရှိအောင်လို့ ပြောတယ် လို့ ဆိုတာ ဦးသန်းမောင်တို့ စိတ်ဆိုးဖို့မလိုဘူး. . . (မလိုပါ ဘုရား)။

## လျှပါ၊ သို့သော်အသိရှေ့ထားပါ

မလျှနဲ့လို့ ပြောတာမဟုတ်ဘူး လျှပါ၊ သို့သော်လည်း အလှူနောက်ထားပါဦး၊ အသိရှေ့ထားပါ. . . (မှန်လှပါဘုရား)။ ဒကာကြွယ် တောင်းပန်သင့်၊ မတောင်းပန်သင့်. . . (တောင်းပန် သင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဒကာကြွယ် လှူတာပဲမြန်မြန်ဆန်ဆန်၊ အလှူခိုင်းပြီးရော၊ သေလွယ် ရှင်လွယ်ကြီးပဲ၊ သေခါလည်း နီးနေပြီ။ ဒါပေမယ့် ဘုန်းကြီးကလည်း နောက်ထားပါဦးဆိုနေ တယ်၊ တပည့်တော်တို့က အသေစောသွားရင် မခက်ဘူးလား (မှန်လှပါဘုရား)။

## နောက်တဖန်သေမှာစိုးလို့

အို . . . မင်းတို့ အသေစောတာ ကိစ္စမရှိဘူး၊ နောင်တစ်ဖန် သေမှာစိုးလို့ဟေ့. . . (မှန်လှပါဘုရား)၊ မသိဘဲနဲ့လှူတော့ နောင်တဖန် ဒီအအို၊ အသေ မရပေဘူးလား ဗျ . . . (ရပါတယ်ဘုရား) ဒီခန္ဓာငါးပါးရလာတော့ ဒုက္ခသစ္စာ မရပေဘူးလား . . . (ရပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ပြောတဲ့ ဆင်ခြေကို ဘုန်းကြီးက မလိုက်နိုင်ဘူး. . . (မှန်ပါ့)၊ မလိုက်နိုင်ပါဘူး ဒကာ ဒကာမတို့ . . . (မှန်လှပါဘုရား)။

ဘုန်းကြီးက ဒီအလှူကန့်ကွက်နေတာလားလို့ဆိုတော့ အလှူကန့်ကွက်တာ မဟုတ်ပါဘူး. . . (မှန်လှပါဘုရား)။ အသိကလေးလိုသေးလို့. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အသိလိုသေးလို့ ကန့်ကွက်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

သစ္စာမသိဘဲနဲ့ လှူခဲ့သော် ဟောဒီ ဒုက္ခသစ္စာ ရလိမ့်မယ်။ ဒုက္ခသစ္စာရတာပေါ့၊ ဒီမှာစပ်သွားပြီ၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဟောဒီမှာဟော့ သူကျေးဇူးပြုလိုက်တဲ့ **ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒုက္ခသစ္စာ** . . . (မှန်လှပါဘုရား)၊ (၂) နံပါတ်မှာ တွေ့တယ်မဟုတ်လား. . . (တွေ့ပါတယ်ဘုရား)။

မသိလှူသမားရတဲ့ ဒုက္ခသစ္စာ၊ ဒါဖြင့် ဆရာကောင်းမှန်က ကန့်ကွက်ရမယ်ဆိုတာ ပေါ်ပြီလား. . . (ပေါ်ပါတယ်ဘုရား)။

ဒကာ ဒကာမတွေ ကိုယ့်စာရွက်လည်း ကိုယ်သေသေချာချာကြည့်ပါ. . . (မှန်လှပါဘုရား)။ ဒီက ဘုန်းကြီးပြတာနဲ့ ခင်ဗျားတို့ စာရွက်ကြည့်တော့ တစ်ဆက်တည်း မနေဘူးလား . . . (နေပါတယ်ဘုရား)။

## ငွေကုန်ပြီးလူပင်ပန်းတယ်

မသိလို့ လျှုခြင်းသည် ခန္ဓာငါးပါး ဒုက္ခသစ္စာရတယ် . . . (မှန်လှပါဘုရား)။ ကဲ. . . ဘယ်လောက်ကြေက်စရာကောင်းသလဲ. . . (ကြောက်စရာကောင်းပါတယ်ဘုရား)။ ဦးသန်းမောင် ငွေကုန်ပြီးလူပင်ပန်းတယ်. . . (မှန်လှပါ)။ ဘယ့်နှယ်ဆိုကြမယ်. . . (ငွေကုန်ပြီးလူပင်ပန်းပါတယ်ဘုရား)။

**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ** လူခန္ဓာပဲ၊ သူဘာသစ္စာရသလဲ. . . (ဒုက္ခသစ္စာရပါတယ်ဘုရား)။ မသိဘဲနဲ့ လှူတဲ့ သမုဒယသစ္စာလုပ်ခဲ့လို့ ယခု ဘာသစ္စာရသလဲ . . . (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာရမှာဖြင့် ဦးသန်းမောင် ဘုန်းကြီးလည်း မလှူချင်ဘူး၊ ခင်ဗျားလည်း မလှူချင်ဘူး. . . (မှန်လှပါဘုရား)။ သုခ သစ္စာရမယ်ဆို လှူချင်တယ် ကျုပ်တို့. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဘုန်းကြီးက ပြတာလား၊ ဘုရားက ဟောတာလား ဆိုတာ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"** ဘုရားကဟောတာ. . . (မှန်ပါကဟောတာပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## မသေနှင့်လို့ဒါကိုသိလိုက်ရသေးတယ်

ဒကာကြွယ် တော်သေးတယ်၊ ဒကာကြွယ်တို့ မသေနှင့်လို့ ဒါကလေးကို သိလိုက်ရသေးတယ်. . . (မှန်လှပါဘုရား)။ နို့မို့လို့ရှိရင်ဖြင့်ကွာ ပိုလာပဟော့၊ လျှံလာပဟော့၊ ဒီဘဝတွင် စားလို့တော့ မတော်ဘူးကွ၊ နောက်ဘဝလည်း ဒီအထုပ်ကလေး ယူသွားဦးမယ်. . . (မှန်ပါ)၊ ဘဝ မပါဘူးလား၊ ပါသလား. . . (ပါပါတယ်ဘုရား)။

နောက်ဘဝဆိုကတည်းက ခန္ဓာငါးပါးလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။ သစ္စာဖွဲ့လိုက်. . . (ဒုက္ခသစ္စာပါဘုရား)။

ယခုခန္ဓာကြီးဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာဆိုကတည်းက ဦးသန်းမောင် နေရာကျပြီ. . . (မှန်ပါ)။ ဝိဇ္ဇာဖြစ်လို့သိတာ. . . (မှန်လှပါဘုရား)။ အဝိဇ္ဇာက ဘာဖြစ်သွားသလဲ. . . (ဝိဇ္ဇာဖြစ်သွားပါတယ်ဘုရား)။

## ယခုဘဝမှာဝိဇ္ဇာဉာဏ်ရတယ်

ဦးသန်းမောင် ခန္ဓာဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။ ဘာနဲ့သိပါလိမ့်. . . (ဝိဇ္ဇာနဲ့သိပါတယ်ဘုရား)။ ဝိဇ္ဇာနဲ့ သိတော့ ဒကာ ဒကာမတွေ သန္တာန်မှာ ယခုဘဝမှာပဲ ဘုန်းကြီးက လက်ရှိ ခန္ဓာကြီးလို့ ဒုက္ခသစ္စာလို့ သိအောင်ပြပေးတယ်. . . (မှန်လှပါ ဘုရား)။ ပြပေးတော့ ဒီဘဝထဲမှာ ယခု ရထားတဲ့ ခန္ဓာကြီးက

ဒုက္ခသစ္စာလို့ သိပြီးသကာလ ထားတော့ ယခုဘဝမှာ ဝိဇ္ဇာဉာဏ် ရတယ်. . . (မှန်လှပါဘုရား)။ ယခုဘဝမှာ. . . (ဝိဇ္ဇာဉာဏ်ရပါ တယ်ဘုရား)။

အဲဒီတော့ ဦးသန်းမောင် မှတ်လိုက် ဒကာကြွယ် မှတ်လိုက် အဝိဇ္ဇာကလေး ချုပ်ချုပ်သွားတယ်. . . (မှန်ပါ)။ ဘုံဘဝလိုချင်လို့ ပြုလုပ်တဲ့ ကုသိုလ်၊ အင်း. . . သင်္ခါရအလုပ် လည်း မလုပ်တော့ဘူး . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် လျှပါတော့. . . (မှန်ပါ)၊ ဒီဒုက္ခသစ္စာကြီးကို နောက်ခန္ဓာဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာမှန်းသိတဲ့ ဝိဇ္ဇာနဲ့ ဒီဒုက္ခ သစ္စာကြီးကို မလိုချင်၊ မရချင်လို့ ဒုက္ခလွတ်ရာသာ ရချင်လို့ လျှုဒါန်းပါ၏လို့ ပြောင်းလိုက်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာသိပြီးမှ လှူပါ

အဲ. . . ဒုက္ခသစ္စာကြီးကို နောက်တစ်ဖန် မရချင်၊ မလိုချင်ခြင်းကြောင့် တပည့်တော်တို့သည် လှူဒါန်း ါ၏ဆိုတော့ နိဗ္ဗာန်ရတယ်. . . (မှန်လှပါဘုရား)။ ဒါဖြင့် သစ္စာသိပြီးမှ လှူပါ လို့ဆိုတဲ့ စကားသည် ဒကာကြွယ် အင်မတန် မှန်သွားတယ်. . . (မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးက ပြင်ပေးလိုက်တယ်၊ ဒကာကြွယ်တို့၊ ဦးသန်းမောင်တို့ပြင်လိုက်ကြပါ. . . (မှန်လှပါဘုရား)။ **လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ** ကို ဒုက္ခသစ္စာမှန်း သိပြီးသကာလ ဒီဒုက္ခသစ္စာကြီးကို မလိုချင်လို့၊ **ရွံ့လို့၊ မုန်းလို့** ဒုက္ခလွတ်ရာကို ရောက်လိုလို့ လှူဒါန်းပါတယ်ဆိုတော့ ဒါဟာ သစ္စာသိတဲ့ ပုဂ္ဂိုလ်၏ အလှူလား၊ သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်၏ အလှူလား၊ အကဲခတ်ကြစမ်း. . . (သစ္စာသိတဲ့ ပုဂ္ဂိုလ်၏အလှူပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာကို ဒါက စာသိပဲ ရှိသေးတယ်. . . (မှန်ပါ့)။ အဲဒီတော့ အလုပ်ကလေး ထိုင်ကြည့်လိုက်တာပေါ့၊ အလုပ်ကလေး ထိုင်ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးဟာ **ရွေ့ချင်တာနဲ့၊ ပြောင်းချင်တာနဲ့၊ ယားတာနဲ့၊ ကိုက်တာနဲ့၊ ညောင်းတာနဲ့** ဦးသန်းမောင် ဒါတွေမလာဘူးလား . . . (လာပါတယ်ဘုရား)။

## ဘာသစ္စာမို့ဘာတွေပြပါလိမ့်

ဘာသစ္စာမို့ ဘာတွေပြပါလိမ့်. . . (ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာတွေပြပါတယ်ဘုရား)။ အဲ. . အဲဒီလို မြင်လာပြီးတော့ မှသြော်. . . ခန္ဓာဟာ ဒုက္ခသစ္စာ စာသိမဟုတ်ဘူး၊ ကိုယ်တွေ့ဖြစ်ပြီ. . . (မှန်ပါဘုရား)။

သူများပြောလား၊ ဦးသန်းမောင် ခန္ဓာက ပြောတာလား. . . (ခန္ဓာကပြောတာပါဘုရား)၊ ခန္ဓာကပြောတော့ မယုံရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒီလို ဒုက္ခသစ္စာကြီးကို နောင်တစ်ဖန်မရချင်လို့ ဒုက္ခကျွတ်ရာ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ တပည့်တော်တို့ သိန်းကုန်၊ သောင်းကုန်လှူဒါန်းပါလို၏လို့ ပြောင်းပစ်လိုက်ကြ . . . (မှန်ပါဘုရား)။

သက်န်းကပ်ခါနီးကျတော့ ဒီလိုပဲ ခဏထိုင်ရဦးမှာပဲ . . (မှန်ပါ)။ ခဏထိုင်ပြီး ခန္ဓာဉာဏ်စိုက်ခိုင်းမှာပဲ. . . (မှန်ပါ)။ ဒုက္ခသစ္စာမြင်တဲ့အချိန်မှ **"ဣမံကထိန စီဝရံ သံဃဿဒေမ"** လုပ်ရမှာ . . . (မှန်ပါဘုရား)။

အဲဒီတော့ ဝင်္ကတောင့်တလှူတာလား၊ ဝဋ်ကိုရွံမုန်းပြီး လှူတာလား မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (ဝဋ်ကိုရွံမုန်းပြီး လှူတာပါဘုရား)။

## ဒီစိတ်ကိုလှူခါနီးမှာမွေးဖြစ်အောင်မွေးပါ

အဲဒီတော့ ဘုန်းကြီးတို့ဆီက ဒကာ ဒကာမတွေ ဘယ်အရပ်သွားပြီး သိမ်ဆောက်၊ ဘုရားတည်တည် ဘုန်းကြီးတို့က မကန့်ကွက်ပါဘူး. . . (မှန်ပါ)။ ဒီစိတ်ကလေးကိုဖြင့် လှူခါနီးမွေးဖြစ်အောင် မွေးပါ။

ဝဋ်ဆိုတာက တစ်အကွက်ကနေ နှစ်အကွက်သွားမယ် . . . (မှန်ပါဘုရား)။ နှစ်အကွက်ကနေ သုံးအကွက် အလုပ်လုပ်မယ်. . . (မှန်ပါဘုရား)။ အဲဒီလို လုပ်လို့ရှိရင်ဖြင့် လေးအကွက် မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

လေးအကွက်ထဲကနေပြီး တစ်ခါတစ်ပြန်မဖြစ် ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။ ဒါဝဋ်လည်တယ် ခေါ်တယ် . . . (မှန်ပါဘုရား)။ အဲဒီတော့ သစ္စာသိပြီးလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ဝဋ်ကျွတ်တယ်. . . (မှန်ပါဘုရား)။ ဒကာကြွယ် ဒီစာရွက်ဘယ်လောက် အဖိုးတန်သတုံး. . . (တန်ပါတယ်ဘုရား)။

ဦးမာဒင်တို့ လှူဒါန်းပေးကမ်းထားတဲ့ စာရွက်နဲ့ကောကိုက်ရဲ့လား. . . (ကိုက်ပါတယ်ဘုရား)၊ ကိုယ့်ဟာကိုယ်လည်း ကြည့်ကြပါနော်။

## ဒီဘဝဘယ်ကစကြသလဲ

ဒီဘဝက ဘယ်ကစ,ကြသလဲ . . . (ပဋိသန္ဓေကစ,ပါတယ်ဘုရား)။ အဲဒါကြောင့် ဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ်ကိုဆိုတာ၊ ဝိညာဏ်ပြီးတော့မှ နာမ်ရုပ်၊ နာမ်ရုပ်ပြီးမှ **မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တဲ့။**

**သဠာယတန**ဆိုတာက ပြီးတော့မှ ခန္ဓာကိုယ်ထဲက အာရုံထိတွေ့တတ်တဲ့**ဖဿ**၊ ကောင်းတာဆိုးတာ ခံစားတတ်တဲ့ ဝေဒနာတဲ့. . . (မှန်ပါ) သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ပါဠိကို ရွတ်ကြည့်ပါ၊ **ဇာတိပိ** ဒုက္ခသစ္စာပါ၊ ခမ္မစကြာနဲ့ ကိုက်ပြီး ကြည့်လိုက်၊ **ဇာတိပိ. . .** (ဒုက္ခသစ္စာပါဘုရား)။ ဩော်. . . ငါ့နှယ် မသိလို့ လျှူတာ ဒုက္ခသစ္စာဖြစ်တယ်။

## သိပြီးလှူရင်မဂ္ဂသစ္စာ

သိလို့လှူရင် ဟောဒါကို ပြောင်းလိုက်၊ မဂ္ဂသစ္စာ၊ ဒီဘက်က နိရောဓသစ္စာ. . . (မှန်ပါဘုရား)။ ဒါ အထူးပြုပြီ။

ဒါဖြင့် သိပြီးသကာလ ဒုက္ခသစ္စာသိပြီးသကာလ သိတော့ ဝိဇ္ဇာမဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။ အဲ. . . လှူလိုက်ပါပြီတဲ့၊ ဘာသစ္စာဖြစ်သလဲ. . . (မဂ္ဂသစ္စာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာ အားထုတ်လိုက်တဲ့အတွက် ဒီဘက်မှာ ဒုက္ခသစ္စာပေါ်မလား၊ နိဗ္ဗာန်ပေါ်မလား. . . (နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။ ဒါဖြင့် သိလို့လှူရင် မဂ္ဂသစ္စာဖြစ်တယ် . . . (မှန်ပါဘုရား)။ မဂ္ဂသစ္စာကြောင့်တဲ့ ဒီဘက်က ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့ နိရောဓသစ္စာဖြစ်တယ်. . . (မှန်ပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

မသိလို့ လှူရင်. . . (ဒုက္ခသစ္စာရပါတယ်ဘုရား)။ သိလို့ လှူရင် ဘာသစ္စာ. . . (မဂ္ဂသစ္စာပါဘုရား)။ ရတာက. . . (နိရောဓသစ္စာပါဘုရား)။ ဟော. . . ဒီတစ်လုံးပိုင်တာနဲ့ ကျေနပ်ပြီ. . . (မှန်ပါဘုရား)။ ဦးသန်းမောင် ဒကာကြွယ် သေပျော်ပြီ . . . (သေပျော်ပါပြီဘုရား)။

## မသိလို့လှူတာ၊ သမုဒယသစ္စာ

မသိလို့ လှူတာ ဘာသစ္စာ. . . (သမုဒယသစ္စာပါဘုရား)။ ရတာက . . . (ဒုက္ခသစ္စာပါဘုရား) သိလို့လှူတာ ဘာသစ္စာ . . . (မဂ္ဂသစ္စာပါဘုရား)။ ရတာက ရတာက. . . (နိရောဓသစ္စာပါဘုရား)။ နိဗ္ဗာန် ပေါ့ဗျာ. . . (မှန်ပါဘုရား)။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဩော်. . . တစ်သံသရာလုံး ငါတို့မျက်စိလည်လာတဲ့ဥစ္စာ၊ သူများပါးစပ် လမ်းဆုံးပြီး နေတာ၊ ဘုရားကိုယ်တော်မြတ်ကြီးဟောတော်မူတဲ့ အတိုင်း ယခု ဆရာဘုန်းကြီးက သံသရာလည်ပုံ၊ ပြတ်ပုံပြောတဲ့ ပုံစံချပြီး ပြောတော့မှာ မသိလို့လှူတာများ ဒုက္ခသစ္စာရတယ် . . . (မှန်ပါဘုရား)။ သိလို့လှူတော့ . . . (နိရောဓသစ္စာ ရပါတယ် ဘုရား)။ မကွာဘူးလားဗျာ. . . (ကွာပါတယ်ဘုရား)။

ဒကာ ဒကာမတွေ သို့သော်လည်း အားလုံးနဲ့ မသိတဲ့ ပုဂ္ဂိုလ်နဲ့ စာလို့ရှိရင် ဦးသန်းမောင် သေပျော်တယ်. . . (မှန်ပါ ဘုရား)။

လူချမ်းသာလို့ ခင်ဗျားတို့ ဘယ်သူက လိမ်ထားထား မယုံနဲ့နော်၊ နတ်ချမ်းသာလို့ ဘယ်သူက လိမ်ထားထား . . . (မယုံတော့ပါဘုရား)။

## သစ္စာမျက်လုံးနဲ့ ခန္ဓာကြည့်

သစ္စာမျက်လုံးနဲ့ခန္ဓာကြည့်၊ ငါလူချမ်းသာလို့ ပြောကြတယ်၊ ငါသေသေချာချာ ထိုင်ကြည့်ဦးမယ်ဆိုပြီး ထိုင်ကြည့်တော့ ဟိုကယား၊ ဒီကနာ၊ ဟိုကရွေ့ချင်၊ ဒီကပြောင်း ချင်. . . (မှန်ပါ)။ အငြိမ်နေလို့ကို. . . (မရပါဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

အင်း . . . သူများကတော့ လူချမ်းသာလို့ ပြောတယ်၊ ဒီမှာတော့သေသေချာချာ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်တော့ ဒုက္ခသစ္စာ . . . (မှန်လှပါဘုရား)၊ ဒါဖြင့် သူများပြောယုံမလား၊ ကိုယ်တိုင်ဉာဏ်နဲ့ တွေ့တာယုံမလား . . . (ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့တာယုံပါမယ်ဘုရား)။ ဒီလိုဆိုတော့ ဒကာကြွယ် တော်တော် ရှင်းသွားတယ် . . : (ရှင်းပါတယ်ဘုရား)။

## အလျှုလျှုတတ်ကြပြီလား

အားလုံး ဒကာ ဒကာမတွေ လျှုတတ်ကြပြီလား . . . (လျှုတတ်ပါပြီဘုရား)၊ ဘယ်လိုလျှုကြမလဲ . . . (သစ္စာသိပြီးလျှု

မှာပါဘုရား)၊ သစ္စာသိပြီးလှူရမယ်။

သစ္စာသိတော့ အကြွေးလည်း မသိပါနဲ့၊ လက်ငင်း သိတာကောင်းတယ်၊ လက်ငင်းသိတော့ မလှူမီ ရှေးအဖို့ ကာလ၌ ဒကာကြွယ်က ခန္ဓာကိုယ်စောင့်ကြည့်လိုက်၊ ခန္ဓာကိုယ် စောင့်ကြည့်၊ ခန္ဓာကိုယ်စောင့်ကြည့်တော့ ခန္ဓာက ဘာတွေ ပြောမယ်ထင်လဲ . . . (ဒုက္ခသစ္စာပဲ ပြောပါတယ်ဘုရား)။

ခန္ဓာကိုယ် ဒုက္ခသစ္စာကြီးဟာ ယားတယ်၊ နာတယ်၊ ဆာလောင်မွတ်သိပ်တယ်၊ အိုက်တယ်၊ ညောင်းတယ်၊ ညာတယ်၊ ကိုက်တယ်၊ ခဲတယ် . . . (မှန်ပါ့)၊ ခဏ ခဏဖြစ်ပျက်တွေကလဲ ပြတယ် . . . (ပြပါတယ်ဘုရား)၊ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာ ပါဘုရား)။

## ဒုက္ခဝဋ်မှကျွတ်ချင်လို့လှူဒါန်းပါ၏

ဩော် . . . ဒါဖြင့် ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လို့ တပည့် တော် လှူဒါန်းပါ၏ . . . (မှန်ပါ့)၊ ကျောင်း၊ သိမ်၊ ဘုရား၊ အားလုံးသော ပုဂ္ဂိုလ်တို့ မိတ်ဆွေသင်္ဂဟတွေ ခင်ဗျားတို့ ဝယ်ထားတဲ့ ပစ္စည်းတွေ လှူဒါန်းတာပေါ့ဗျာ . . . (မှန်လှပါ)။

ဒီဒုက္ခကြီး မတွေ့ချင်လို့ **ပေးပါ၏။ လှူပါ၏။ ကမ်းပါ၏။** ဆိုတော့ နောက် ဒုက္ခလာစရာရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဘာကြောင့်တုံး၊ လျှတဲ့ပုဂ္ဂိုလ်ကိုယ်က **ဒုက္ခမုန်း၊ ဒုက္ခရှုံ့** နေတဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာ ရတော့မယ် . . . (မှန်လှပါဘုရား)။

## ခန္ဓာဟာဒုက္ခအစစ်ပဲ

အဲဒါကြောင့် လက်ငင်းရှုပြီးတော့မှ ဒီဉာဏ်က ခန္ဓာထဲ မြင်ပြီး ခန္ဓာဟာ ဒုက္ခသစ္စာ အစစ်ပဲလို့ သေသေချာချာ သိပြီး သကာလနေပြီးတော့မှ၊ ကဲ . . . **"နိဗ္ဗာနပစ္စယောဟောတု"** ဆိုချင်ဆို . . . (မှန်ပါဘုရား)။

ယခုမြင်သော ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏လို့ ဆိုချင်ဆို၊ ဘာဆိုဆို အကောင်းချည်းပဲ . . . (မှန်ပါဘုရား)၊ ပေါ်ကြပြီ လား . . . (ပေါ်ပါပြီဘုရား)။

ဒီဟာ ဒကာ ဒကာမတို့ သေးသေးသိမ်သိမ်စကားလို့ ဒကာကြွယ် မယူနဲ့နော် . . . (မှန်ပါ့)၊ တစ်သံသရာလုံး မှားလာ ကြတာကို ဒကာသစ်တို့ ဒီဥစ္စာကို သုံးခါလောက် ထပ်ပြောတော့ ဘုန်းကြီးကလည်း တရားထပ်နေပြီလို့ ခင်ဗျားတို့ကတော့ ထင် လိမ့်မယ် . . . (မထင်ပါဘုရား)။

ဒါတောင် လျှခါနီးကျတော့ ခင်ဗျားတို့က မေ့ချင်မေ့နေ မှာ . . . (မမေ့ပါဘုရား)။

မေ့သေးတာတင်မဟုတ်ပါဘူး၊ ဟင်းမှ လောက်ပ့ါမလား၊ ထမင်းကဘာယ်နှယ့်နေပါလိမ့်မတုံး ဖြစ်သေးတယ် ... (ဖြစ်ပါတယ်ဘုရား)၊ ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။

## ဒုက္ခတွေမြင်ပြီး လှူရင်ပြီးတာပဲ

အဲဒီထမင်းဟင်းမလောက်လို့ ခင်ဗျားတို့ တာဝန်မဟုတ်ဘူး ... (မှန်ပါ့)၊ မလောက်ရင် မစားရတဲ့သူ ပြန်သွားလိမ့်မယ်၊ ဘာမှ ဂရုစိုက်မနေနဲ့ ... (မှန်ပါ့)၊ ကိုယ့်ဒုက္ခသစ္စာမြင်ပြီး သကာလ နှလုံးသွင်းပြီး ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လို့ စိတ်ထဲကပဲ လှူသာနေ ... (မှန်ပါ့ဘုရား)၊ သံဃာတွေ မပင့်ရသေးဘူး၊ နောက်မှပဲ ပင့်ပင့်၊ ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ ဒုက္ခတွေမြင်ပြီး လှူနေရင် ပြီးတာပဲ ... (မှန်ပါဘုရား)၊ ဒကာကြွယ်အရေးမကြီးဘူးလား ... (ကြီးပါတယ်ဘုရား)။

ကိုင်း ... ဒါဖြင့် အလှူသည် သံသရာလည်သလား၊ သံသရာတိုသလားလို့ တချို့က **ဒါနသံသရာရှည်တယ်၊ သီလသံသရာရှည်တယ်**လို့ ပြောချင်ပြောကြတယ် ... (ပြောကြပါတယ်ဘုရား)။

## သိလျှကြတော့နိဗ္ဗာန်ရတယ်

မသိလို့ လျှတာကတော့ ဟုတ်ပါတယ်တဲ့ ၁၊ ၂၊ ၃၊ ၄ အကွက်တွေ လှည့်သွားတယ် . . . (လှည့်သွားပါတယ်ဘုရား)၊ သိလျှကြတော့ကို ၁-ပြီးတော့၊ ၂-ကျတော့ ကိစ္စတုံးတယ် . . . (မှန်လှပါဘုရား)၊ ၁-က မဂ္ဂသစ္စာ . . . (မှန်ပါ့)၊ ၂-က . . . (နိရောဓသစ္စာပါဘုရား)၊ ပြောင်းပြန်ပြန်မှတ်ရမယ် . . . (မှန်ပါ့)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

သိတာက မဂ္ဂသစ္စာ၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ သိလို့လျှတာက . . . (မဂ္ဂသစ္စာပါဘုရား)၊ ရတာက . . . (နိရောဓသစ္စာပါဘုရား)၊ ဘယ်လောက်နေရာကျသလဲ . . . (မှန်လှပါ)၊ နိဗ္ဗာန်ရတယ် . . . (မှန်လှပါဘုရား)။

## ဒါနသံသရာရှည်တယ်လို့မသုံးနဲ့

ဒါဖြင့် ဒါန သီလက သံသရာရှည်တာလား၊ သိမှု မသိမှုကြောင့် ရှည်တာလား . . . (သိမှု၊ မသိမှုကြောင့် သံသရာရှည်တာပါဘုရား)၊ မှတ်ထား၊ နောက် ဒါနသံသရာရှည်တယ်လို့ မသုံးနဲ့ . . . (မှန်ပါဘုရား)။

ကဲ . . . ဒကာကြွယ် နေရာကျပြီလား . . . (ကျပါပြီဘုရား)၊ ဒါနောက်ကို အားလုံးပြင်တတ်ကြပြီလား . . .

(ပြင်တတ်ပါပြီဘုရား)၊

အဲ . . . ဒါက ဆွမ်းတစ်ဇွန်း၊ ကွမ်းတစ်ယာကို လှူစေကာမူ ဒီစိတ်ကလေးတော့ ထားကြပါ . . . (မှန်လှပါဘုရား)၊ အကြီးအကျယ်ဆိုရင်ဖြင့် ဆိုဖွယ်မရှိတော့ဘူး အများကြီးပဲ၊ ဒီဥစ္စာကို ခန္ဓာနှလုံးသွင်းကြပါ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လှူတတ်ပြီလား . . . (လှူတတ်ပါပြီဘုရား)၊ ကဲ . . . ဒါဖြင့် နိဂုံးချုပ်တော့မယ်၊ ဒကာ ဒကာမတို့ မသိလို့လှူတာ ဘာသစ္စာ . . . (သမုဒယသစ္စာပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ လှူလို့ရတာကကော . . . (ဒုက္ခသစ္စာပါဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)၊

## သိမှု၊ မသိမှုသာလိုရင်း

သိလို့ လှူတာ ဘာသစ္စာ . . . (မဂ္ဂသစ္စာပါဘုရား)၊ လှူလို့ရတာ ဘာသစ္စာ . . . (နိရောဓသစ္စာပါဘုရား)၊ ကိုင်း . . . ဒါန သံသရာရှည်သေးသလား၊ မရှည်တော့ဘူးလား . . . (မရှည်ပါဘုရား)၊ မသိ၊ အသိသာလိုရင်းဖြစ်တယ် . . . (မှန်ပါဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

**ကိုင်းတော်ကြဦးစို့ . . . ။**

**သာဓု . . . သာဓု . . . သာဓု။**